**နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများ (Politically Exposed Persons သို့ PEPs)**

မြန်မာနိုင်ငံအကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့နှင့်မြန်မာနိုင်ငံEITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့တို့မှ သဘောတူသတ်မှတ်ထားချက်များအရ

**အဓိပ္ပါယ်ဖွင့်ဆိုချက်** - မြန်မာနိုင်ငံEITI လုပ်ငန်းစဉ်များအတွက် "နိုင်ငံရေးအရာ ဩဇာတိက္ကမရှိသူ" (Politically Exposed Persons - PEPs) ဆိုသည်မှာ မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားနိုင်ငံများမှဖြစ်စေ ထင်ရှားသည့် ပြည်သူ့ဝန်ထမ်းရာထူး(များ)ကို လက်ရှိ (သို့) ယခင်က အပ်နှင်းခံထားရသူ၊ ထမ်းဆောင်ရသူ ကို ဆိုလိုပါသည်။ ၎င်းတို့တွင် အောက်ပါတို့လည်း ပါဝင်ပါသည်။
၁. နိုင်ငံရေးအရာ ဩဇာတိက္ကမရှိသူများ ၏ "မိသားစုဝင်များ" - မိဘဘိုးဘွားတူသူများ၊ လက်ထပ်ထိမ်းမြားမှုမှ တစ်ဆင့်ဖြစ်စေ၊ အခြားပေါင်းဖက်မှုများမှ တစ်ဆင့်ဖြစ်စေ အမျိုးတော်သူများ
၂. နိုင်ငံရေးအရာ ဩဇာတိက္ကမရှိသူများနှင့် "သက်ဆိုင်သူများ" - ၎င်းတို့၏ ရာထူးရာခံကို အကြောင်းပြု၍ လုပ်ငန်းသဘောအရဖြစ်စေ၊ လူမှုရေးသဘောအရဖြစ်စေ ရင်းနှီးကျွမ်းဝင်သူများ ပါဝင်သည့် ရာထူးများ - မြန်မာနိုင်ငံတွင် နိုင်ငံရေးအရာ ဩဇာတိက္ကမရှိသူဟု သတ်မှတ်သည့် ပုဂ္ဂိုလ်များတွင် အောက်ပါ အမျိုးအစားများနှင့် ရာထူးများ ပါဝင်ပါသည်။

**ပါဝင်သည့် ရာထူးများ** - မြန်မာနိုင်ငံတွင် နိုင်ငံရေးအရာ ဩဇာအာဏာရှိသူဟု သတ်မှတ်သည့် ပုဂ္ဂိုလ်များတွင် အောက်ပါ အမျိုးအစားများနှင့် ရာထူးများ ပါဝင်ပါသည်။

| **နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ အမျိုးအစား** | **ပါဝင်သည့်ရာထူးများ** |
|---|---|
| နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယ အကြီးအကဲများ | ▪ နိုင်ငံတော် သမ္မတ<br>▪ ဒုတိယသမ္မတများ<br>▪ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် |
| ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ | ▪ ပြည်ထောင်စု ဝန်ကြီးများ<br>▪ ဒုတိယ ဝန်ကြီးများ |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အကြီးအကဲများနှင့် ဒုတိယအကြီးအကဲများ | ▪ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ<br>▪ အထူးဒေသများ၏ တိုင်းဒေသဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ (ဥပမာ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ) |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများ | ▪ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးများ |

| | |
|---|---|
| ပြည်ထောင်စုအဆင့် ဥပဒေပြုရေးအဖွဲ့ဝင်များ | ▪ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ<br>▪ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေပြုရေးအဖွဲ့ဝင်များ | ▪ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ |
| ပြည်ထောင်စုအဆင့် အစိုးရအရာထမ်းများ (ဥပမာ - ဝန်ကြီးဌာနများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ဗဟိုဘဏ်၊ အခြားဦးစီးဌာနများ၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၊ စသည်.) | ▪ ညွှန်ကြားရေးမှူးနှင့် တူညီသော ရာထူးမှ အထက် အဆင့်ဆင့် |
| တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရ အရာထမ်းများ | ▪ ညွှန်ကြားရေးမှူးနှင့် တူညီသော ရာထူးမှ အထက် အဆင့်ဆင့် |
| တပ်မတော်အရာရှိများ | ▪ ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက်အဆင့်ဆင့် |
| ပြည်သူ့ရဲတပ်ဖွဲ့ဝင်အရာရှိ များ | ▪ ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက်အဆင့်ဆင့် |
| အထူးလုံခြုံရေးတပ်ဖွဲ့အရာရှိများ | ▪ ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက်အဆင့်ဆင့် |
| တရားစီရင်ရေးဆိုင်ရာ အရာရှိများ | ▪ ပြည်ထောင်စုရှေ့နေချုပ်<br>▪ ပြည်ထောင်စု လွှတ်တော်တရားသူကြီးချုပ်<br>▪ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးများ<br>▪ တိုင်းဒေသကြီးနှင့်ပြည်နယ် ဥပဒေချုပ်<br>▪ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်<br>▪ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ<br>▪ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ<br>▪ ဗဟိုတရားရုံး တရားသူကြီးများ |

| | |
|---|---|
| | ▪ ခရိုင် တရားသူကြီးများ |
| မြို့ တော်ဝန်များ | ▪ မြို့တော်ဝန်များနှင့် ဒုတိယမြို့ တော်ဝန်များ<br>▪ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ<br>▪ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ<br>▪ နေပြည်တော် ကောင်စီ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ |
| သံရုံးများနှင့် ကောင်စစ်ဝန်ရုံး ဝန်ထမ်းများ | ▪ သံအမတ်များ<br>▪ ဒုတိယ သံအမတ်များ (သို့) သံရုံးတာဝန်ခံများ<br>▪ သံမှူးများ |
| ဘာသာရေး ခေါင်းဆောင်များ | ▪ ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များ |
| နိုင်ငံရေးပါတီ ခေါင်းဆောင်များ | ▪ နိုင်ငံရေးပါတီများ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ |
| နိုင်ငံတကာ အဖွဲ့အစည်းများမှ အရာရှိများ | ▪ အားကစားအဖွဲ့အစည်းများ အပါအဝင်နိုင်ငံတကာ အဖွဲ့အစည်းများမှ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များ |
| နိုင်ငံရေးအင်အားစုများနှင့် အလုပ်သမား အဖွဲ့အစည်းများမှ အရာရှိများ (ဥပမာ - သမဂ္ဂများ) | ▪ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ |
| နိုင်ငံတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ | ▪ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ |
| တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များ (ငြိမ်းချမ်းရေး သဘောတူညီမှု လက်မှတ်ထိုးပြီးသော၊ မထိုးရသေးသော အဖွဲ့များ၊ ပြည်သူ့စစ် အဖွဲ့အပါအဝင်) | ▪ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ<br>▪ ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက်အဆင့်ဆင့် |
| နိုင်ငံရပ်ခြားမှ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ | ▪ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများကို သတ်မှတ်ထားသည့်အတိုင်း ၎င်းတို့၏ |

| | |
|---|---|
| | နိုင်ငံအသီးသီးတွင် အမျိုးအစား၊ ရာထူးတူညီသူများ |
| မိသားစုဝင်များ | ▪ မိသားစုဝင်များ (မိဘများ၊သားသမီးများ၊ မောင်နှမများ၊ ဘိုးဘွားများ၊ မြေးများ၊ အိမ်ထောင်ဘက်များ၊ သားမက်ချွေးမများ၊ ယောက္ခထီး/မ များ စသည်ဖြင့်) |
| သက်ဆိုင်သူများ | ▪ ဖော်ပြပါနိုင်ငံရေးအရ ဩဇာအာဏာရှိသူများ၏ ကိုယ်ရေးအရာရှိများ၊ အတွင်းရေးမှူးများ စသည်ဖြင့် |
| ဩဇာလွှမ်းမိုးနိုင်သူများ | ▪ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ဩဇာတိက္ကမရှိသူများ |